မကြီးကုန်းကျေးရွာ

မကြီးကုန်းကျေးရွာအုပ်စု၊ ဆင်ပေါင်ဝဲမြို့နယ်

မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

## (ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ မကြီးကုန်းကျေးရွာ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆင်ပေါင်ဝဲမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

အောက်တိုဘာလ၊ ၂၀၁၈

## မာတိကာ


မာတိကာ

၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ တည်နေရာနှင့် ပထဝီအနေအထား

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၆။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ် အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ မကြီးကုန်းကျေးရွာ၏ ကျေးရွာ သူ/ သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေး ဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည်သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည် ၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။


ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆင်ပေါင်ဝဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

အောက်တိုဘာ လ ၊ ၂၀၁၈ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မကြီးကုန်းကျေးရွာ

ဆင်ပေါင်ဝဲမြို့နယ်


မကျီးကုန်းကျေးရွာ သဘာဝသယံဇာတ ပြမြေပုံ။

## ၂။ တည်နေရာနှင့် ပထဝီအနေအထား

မကြီးကုန်းကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ မကြီးကုန်းကျေးရွာအုပ်စု တွင်ပါဝင်ပြီး ဆင်ပေါင်ဝဲမြို့နှင့် (၆)မိုင် (၂)ဖာလုံခန့် အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ အနောက်ဘက်တွင် သမန်းကြီးကျေးရွာ ၊ အရှေ့ဘက်တွင် ညောင်လှကျေးရွာ နှင့် တောင်ဘက်တွင် လယ်ကျိုးကျေးရွာတို့ ရှိပါသည်။ ကျေးရွာသည် ညီညာပြန့်ပြူးခြင်းမရှိပါ ။ ကုန်းလမ်းကို မိုးတွင်းအခါ ချောင်းရေကျချိန်မှလွဲ၍ အခြားဒေသများသို့သွားလာ ဆက်သွယ်နိုင် ပါသည်။ အဓိကစိုက်ပျိုးသီးနှံများမှာ မြေပဲ ၊ နှမ်း ၊ ပဲမျိုးစုံ နှင့် ဝါ တို့ဖြစ်ပါသည်။

## ၃။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မကြီးကုန်းကျေးရွာသည် သဘာဝ အရင်းအမြစ်များအနေဖြင့် ဒေသအလျှောက် ကျောက်စရစ်၊ ကျောက်ကုန်းများ ရှိခြင်း၊ကျေးရွာ၏ ပတ်ဝန်းကျင်တွင် သဲပြူဆန်သော ချောင်းကြီး ၊ချောင်းငယ်များ ဝိုင်းနေခြင်းတို့ကြောင့် ၊ ဆောက်လုပ်ရေး လမ်း ၊တံတားနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရန်အတွက် သဲပြူချောင်းမြေများ အလွန်ပင် အသုံးဝင်ပါသည်။ လက်ရှိတွင် ငှက်အမျိုးမျိုး ၊ ယုန်နှင့် တောကြောင်များ ရှားပါးစွာ ရှိနေပါသည်။ အပင်မျိုးစိတ်များအနေဖြင့် ရှားပင် ၊ သားဖောက်ပင် (အပွေးဖြူ) ၊ မန်ကျည်းပင် ၊ ကုက္ကိုလ်ပင် ၊ တမာပင် စသည့်အပင်များ ပေါက်ရောက် ပါသည်။

## ၄။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးကဏ္ဍတွင် ရပ်မိရပ်ဖအဖွဲ့၊ ဝတ်အသင်းအဖွဲ့၊ ဂေါပကအဖွဲ့များဖွဲ့စည်းထားပြီးလူမှုရေးကဏ္ဍတွင် အရန်မီးသတ်တပ်ဖွဲ့ လူငယ်အဖွဲ့ ၊ ပရဟိတအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ စသည်တို့ ဖွဲ့စည်းထားပါသည်။ ၎င်းအဖွဲ့များမှာ ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် အားတက်သရော ပူးပေါင်းဆောင်ရွက်လေ့ ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ သားကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ဦးဆောင်ပြုလုပ်ခြင်း၊ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ) **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

ကျေးရွာသူ/ ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ကျွန်ုပ်တို့ကျေးရွာလူထုသည် ယေဘုယျအားဖြင့် အသင့်အတင့်ရှိသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်ကြပြီး မြေယာပိုင်ဆိုင်မှုရှိသော်လည်း ရာသီဥတုဖောက်ပြန်ခြင်း၊ပိုးမွှားကျရောက်ပျက်ဆီးခြင်း၊လုပ်သားရှားပါးခြင်းနှင့်ဈေးနှုန်းကြီးမားခြင်း၊ သွင်းအားစု များထည့်သွင်းအသုံးပြုမှုစရိတ်မြင့်မားခြင်းနှင့် ဈေးကွက်မတည်ငြိမ်ခြင်း အစရှိသောအခက်အခဲများကြောင့် စိုက်ပျိုးရေးလုပ်ကိုင်သော တောင်သူများမှာ ကြွေးမြီများတင်ရှိကာ စီးပွားရေးအကြပ်အတည်းနှင့် ရင်ဆိုင်နေရသည်။

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျေးရွာသူ/သားများအနေဖြင့် အနီးဆုံးဈေးကို ကျေးရွာနှင့် (၆)မိုင်(၂)ဖာလုံခန့် ကွာဝေးသည့် ဆင်ပေါင်ဝဲဈေးသို့ လည်းကောင်း ၊ အကြီးစားဈေးကွက်ကို ကျေးရွာနှင့် (၄၇) မိုင် ကွာ ဝေးသည့် မကွေးဈေးသို့ လည်းကောင်း သွားရောက်ကြပါသည်။ ကျေးရွာတွင်းလမ်း များမှာ မြေသားလမ်းအမျိုးအစား ဖြစ်ပါသည်။ နှစ်ကာလ ကြာလာသည်နှင့်အမျှ လူနေအိမ်များသည် ကုန်းမြင့်တွင် တည်ရှိနေသောကြောင့် မိုးရာသီတွင် လမ်းသွယ်များမှာ (၄) ပေအနက်ခန့် ရေတိုက်စားခံနေရပါသည်။ အချို့သော လမ်းသွယ်များသည် ကား ၊ သုံးဘီးဆိုင်ကယ် စသော ကိုယ်ထည်ကြီးသည့် ယာဉ်များ သွားလာရန် ခက်ခဲပါသည်။ ရွာချင်းဆက်လမ်းမှာ မြေသားလမ်း ဖြစ်ပြီး မိုးရာသီတွင် သွားလာရန် ခက်ခဲပါသည်။

ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား ဆောင်ရွက်သည့်အတွက် နွားလှည်းကို အသုံးပြုကြပြီး သယ်ယူပို့ဆောင်ရေးတွင် ကား ၊ ဆိုင်ကယ်တို့ဖြင့် အဓိက အသုံးပြုကြပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေး၍ ဆိုလာစနစ်ကိုသာ သုံးစွဲနေကြပါသည်။ ရွာလုံးကျွတ် သုံးစွဲနိုင်ခြင်း မရှိသေးပါ။

သတင်းအချက်အလက်များကို ရေဒီယို ၊ တီဗွီ ၊ စလောင်းများမှ အဓိက ရယူသုံးစွဲကြပြီး ဖုန်းအသုံးပြုသူများသည့်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် လက်လှမ်းမီသည့် ကျေးရွာဖြစ်ပါသည်။

ကျေးရွာတွင်းရှိ အိမ်ထောင်စုများသည် ရွာ၏အရှေ့ဘက်ရှိ အုတ်စီရေတွင်းကြီးမှ မိုး၊ ဆောင်းကာလများတွင် သောက်ရေနှင့်သုံးရေကို အသုံးပြုကြပါသည်။ နွေရာသီတွင် ရေရှားပါးမှုနှင့်ကြုံရပါသည်။ ချောင်းများသည် ကျေးရွာ ပတ်ဝန်းကျင်တွင် ရှိနေသော်လည်း သန့်ရှင်းသော သောက်သုံးရေ မရရှိပါ။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူသူများရှိပြီး ယာတစ်ဧကလျှင် (၅၀၀၀၀)ကျပ်နှင့် လယ်တစ်ဧကလျှင်(၁၀၀၀၀၀)ကျပ်နှုန်းကို ပုံစံ(၇)အပေါင်ထား၍ ချေးယူရပါသည်။ဧကများစွာပိုင်ဆိုင်မှုရှိသော်လည်း အများဆုံး(၁၀)သိန်းအထိသာ ချေးပါသည်။ချေးငွေမလုံလောက်သော တောင်သူများ အနေဖြင့်ပြင်ပမှ အတိုးကြီးပေး၍ ချေးယူရပါသည်။

သမဝါယမဘဏ်မှ ချေးယူသူများမှာ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ထက် အတိုးနှုန်း ကြီးမြင့်ခြင်း စုဆောင်းငွေများ ထည့်ဝင်ရခြင်းစသည့်အခက်အခဲများ ကြုံတွေ့ရပါသည်။

ကျေးရွာတွင် Pact Myanmar အဖွဲ့မှ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အရောင်းအဝယ်ပြုလုပ်ရန် အတွက် ချေးယူသူများရှိပြီး စိုက်ပျိုးစရိတ်ချေးငွေများကို (၁၄)ရက်(၁)ကြိမ်အတိုးနှုန်းများ ကို ပုံမှန်ပေးသွင်းပြီး (၅)လ အကြာတွင် အကြေအလည် ပေးဆပ်ရပါသည်။မွေးမြူရေးနှင့် ရောင်းဝယ် ရေး အတွက်ချေးယူငွေများကို ချေးယူငွေ အတိုး၊အရင်းပေါင်း၏ ၄% ကို (၁၄)ရက်တစ်ကြိမ်ပေးသွင်းရ ပါသည်။(၂၅)ကြိမ်ပြည့်လျှင် အကြေအလည်ပေးဆပ်ပြီး ဖြစ်ပါသည်။

(င) ပညာရေး

ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး မူလတန်းကျောင်းသားဦးရေ (၅၀) ဦး ပညာသင်ကြား လျက်ရှိပါသည်။ အလယ်တန်းနှင့် အထက်တန်းကို ကျေးရွာမှ (၆) မိုင် (၂) ဖာလုံခန့်ဝေးသော ဆင်ပေါင်မြို့ အထက ကျောင်းသို့ သွားရောက်ပညာ သင်ကြားရပါသည်။ တက္ကသိုလ်ကျောင်းသား များသည် ကျေးရွာမှ (၄၇)မိုင်ဝေးသော မကွေးမြို့သို့သွားရောက် တက်ရောက်ရပါသည်။ ကျောင်းသား များအတွက် ကျောင်းဆောင်နှင့်သင်ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိပါ။ သင်ကြားရေးတွင် ဆရာ (၂)ဦး ၊ဆရာမ (၂) ဦး ရှိပါသည်။

(စ) ကျန်းမာရေး

မကြီးကုန်းကျေးရွာရှိ ကျေးရွာလူထုအနေဖြင့် ရာသီအလိုက် ဖျားနာခြင်း၊ ဝမ်းပျက်ဝမ်းလျော ၊ အအေးမိခြင်းနှင့် ဆီးချို၊ သွေးတိုးရောဂါများသာ ဖြစ်လေ့ဖြစ်ထ ရှိပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုများ အလွယ်တကူ ရရှိပါသည်။ ကျန်းမာရေး နှင့် ပတ်သက်၍ အခက်အခဲရှိပါက ကျေးရွာမှ (၆)မိုင် (၂) ဖာလုံ ကွာဝေးသော ဆင်ပေါင်ဝဲမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက် ကုသမှု ခံယူကြပါသည်။

### (ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းကို နှစ်စဉ် တွေ့ကြုံခံစားကြရပါ သည်။ မိုးခေါင်ခြင်းကြောင့် တောင်သူများ၏ စိုက်ခင်းများ ပျက်စီးဆုံးရှုံးခြင်း၊ စိုက်ပျိုးရေးစရိတ် ကြီးမြင့်ခြင်းတို့ကို ခံစားရပါသည်။ လူ ၊ တိရစ္ဆာန်နှင့် စိုက်ပျိုးရေးသီးနှံများတွင် ရောဂါပိုးမွှား ကျရောက်မှုရှိပြီး ကြီးမားစွာ ဖြစ်ပေါ်ခြင်း မရှိပါ။ မြေဆီလွှာထိန်းသိမ်းမှုအားနည်းခြင်း၊ သဘာဝ မြေသြဇာများကို လုံလောက်စွာ မထည့်သွင်းနိုင်ခြင်းကြောင့် မြေဆီလွှာခမ်းခြောက်မှု နှင့် တွေ့ကြုံနေရ ပါသည်။သစ်တောများ ခုတ်ထွင်ရှင်းလင်းမှုများကြောင့် ထင်းနှင့်မီးသွေးလောင်စာများ ရှားပါးလာ ပါသည်။ ကျေးရွာအနီး ပတ်ဝန်းကျင်တွင် ရှားပင် ၊ သားဖောက်ပင် (အပွေးဖြူ) ၊ မန်ကျည်းပင် ၊ ကုက္ကိုလ်ပင် ၊ တမာပင် တို့ပေါက်ရောက်မှု ပိုမိုများပြားလာပါသည်။

### (ဇ) ကျား – မ ရေးရာ

ကျေးရွာ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်အတူ ပါဝင် ဆောင်ရွက်ခြင်း ၊ ဘာသာရေးနှင့် ပရဟိတလုပ်ငန်းများတွင် လူငယ်များနှင့် တန်းတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း ၊ လမ်းများပျက်စီးနေလျှင်လည်း ကျား၊မ ခွဲခြားမှုမရှိဘဲ ပူးပေါင်းပါဝင် လုပ်ဆောင်ကြပါသည်။

၅။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | လမ်းတံတား၊ လျှပ်စစ် | ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ခြင်း | ၁ |
| ၂ | လမ်းတံတား၊ လျှပ်စစ် | ကျေးရွာလျှပ်စစ်မီးရရှိရေး | ၂ |
| ၃ | လမ်းတံတား၊ လျှပ်စစ် | ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း | ၃ |
| ၄ | လုံခြုံရေး | ကျေးရွာ မီးသတ်ရေကန် တည်ဆောက်ခြင်း | ၄ |
| ၅ | လူငယ်ဖွံ့ဖြိုးရေး | အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖွင့်ရန် | ၅ |

နောက်ဆက်တွဲ (၁)

မကြီးကုန်းကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက်- ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

| ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|
| ကျေးရွာချင်းဆက်လမ်းမကောင်းခြင်း | (၁)မြေသားလမ်းဖြစ်ခြင်း<br>(၂) လမ်းဘေးရေမြောင်းမရှိခြင်း | (၁) သဲ ၊ကျောက်စရစ် ၊ မြေနီ အလွယ်တကူ ရရှိနိုင်ခြင်း<br>(၂) ကျေးရွာလူထုပူးပေါင်းပါဝင်မှုအားကောင်းခြင်း | (၁)ငွေကြေးမလုံလောက်ခြင်း<br>(၂) အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအားနည်းခြင်း | (၁) ကော်မတီဖွဲ့စည်းရန်<br>(၂) သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ရန် | ကျေးရွာချင်းဆက်လမ်းကောင်းမွန်အောင် ဆောင်ရွက်ခြင်း |
| လျှပ်စစ်မီးမရရှိခြင်း | (၁)ရန်ပုံငွေနည်းပါးခြင်း<br>(၂)မတည်ဆောင်ရွက်မည့်သူ မရှိခြင်း | (၁) မဟာဓါတ်အားလိုင်းနှင့်နီးခြင်း<br>(၂) ကျေးရွာမှ ဆောင်ရွက်လိုစိတ် ရှိခြင်း | (၁) ငွေကြေးအခက်အခဲရှိခြင်း<br>(၂) သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်မှု အားနည်းခြင်း | (၁) မီးလင်းရေးကော်မတီဖွဲ့စည်းရန်<br>(၂) သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရန်၊ | လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခြင်း |
| ကျေးရွာတွင်းလမ်းများပျက်စီးနေခြင်း | (၁)ရေတိုက်စားမှုများခြင်း<br>(၂) လမ်းအနိမ့်ပိုင်းတွင်ရှိနေခြင်း | (၁) လမ်းခင်းရန်အတွက်လိုအပ်သော သဲ ၊မြေနီ ၊ ကျောက်စရစ်များ ရရှိနိုင်ခြင်း<br>(၂) ကျေးရွာမှ လုပ်အားပါဝင်နိုင်ခြင်း | (၁) နည်းပညာအားနည်းခြင်း<br>(၂) ငွေကြေးလုံလောက်မှုမရှိခြင်း | (၁) လမ်းကော်မတီဖွဲ့စည်းခြင်း<br>(၂) သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျေးရွာတွင်းလမ်း ပြုပြင်ခြင်း |
| မီးဘေးအန္တရာယ်လုံခြုံမှု မရှိခြင်း | (၁) မီးသတ်ရေကန်မရှိခြင်း၊ | (၁) အရန်မီးသတ်အဖွဲ့ရှိခြင်း<br>(၂) မြေနေရာရှိခြင်း။ | (၁) ငွေကြေးအခက်အခဲရှိခြင်း | (၁) သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | မီးသတ်ရေကန်တည်ဆောက်ခြင်း |

| | | | | | |
|---|---|---|---|---|---|
| အလုပ်အကိုင်အခွင့် အလမ်း ရှားပါးခြင်း | (၁) လုပ်ငန်းတိုးချဲ့ နိုင်မှု နည်းပါးခြင်း<br>(၂) အရင်းအနှီး မရှိခြင်း | (၁) လုပ်ကိုင်လိုသူများ ရှိခြင်း | (၁) လုပ်ငန်းရှားပါးခြင်း | (၁) အသက်မွေးဝမ်း ကျောင်း ပညာရပ်များ သင်ကြားပေးခြင်း | အသက်မွေးဝမ်း ကျောင်းသင်တန်း များ ဖွင့်လှစ်ခြင်း |

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

### (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၂ | ၇ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၈ | ၁၁ | ၁၉ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၃ | ၂၄ | ၄၇ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၇ | ၂၂ | ၂၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၁၅ | ၂၂၀ | ၄၃၅ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၀ | ၃၁ | ၅၁ |
| စုစုပေါင်း | | ၂၇၈ | ၃၁၀ | ၅၈၈ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၇၅ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်**

(၁) မကြီးကုန်း ကျေးရွာတွင် အိမ်ထောင်စု(၁၇၅) စု၊လူဦးရေမှာ ကျား(၂၇၈)ဦး၊ မ (၃၁၀)ဦး စုစုပေါင်း (၅၈၈)ဦး ရှိပါသည်။

(၂) (၁) အိမ်ထောင်စုလျှင် ပျမ်းမျှလူဦးရေမှာ (၃.၃၆) ဖြစ်သဖြင့် မြန်မာနိုင်ငံရှိ တစ်အိမ်ထောင် ပျမ်းမျှ လူဦးရေအောက် နည်းသည်ကို တွေ့ရပါသည်။

(၃) နို့စို့အရွယ်ကလေးနှင့် (၅) နှစ်အောက်ကလေးနည်းသည်။

(၄) အသက်(၁၅)နှစ်မှ (၆၄)နှစ်အထိ အလုပ်လုပ်နိုင်သော လူဦးရေ(၇၄%) ရှိသည်ကိုတွေ့ရပါသည်။

### (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၉.၆၉ | သင့် | မရ | မိုးရေ |
| ယာမြေ | ၁၁၄၅.၈ | သင့် | မရ | မိုးရေ |
| ဥယျာဉ်ခြံမြေ | ၁ | သင့် | မရ | မိုးရေ |
| အိမ်ခြံဝင်း စိုက်ခင်း | - | | | |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| စားကျက်မြေ | ၃၈ | ညံ့ | - | - |
| ပလပ်မြေ | ၃၆ | ညံ့ | - | - |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| သစ်တောမြေ | | | | |
| စုစုပေါင်း | ၁၂၃၀.၄၉ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်။** ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)**

(၁) အများစုသည် တောင်ယာလုပ်ငန်းလုပ်ကိုင်ကြပြီး ပဲ၊နှမ်း၊ဝါ ၊ပဲဖင်းငုံစသည့်သီးနှံများကို အဓိကထားစိုက်ပျိုးကြသည်။

(၃) မိုးရေကိုသာ အဓိကထားစိုက်ပျိုးရသဖြင့် မိုးခေါင်ခြင်း၊မိုးများလွန်းပါက သီးနှံများပျက်စီးပြီး တောင်သူများအတွက် အခက်အခဲများနှင့်ရင်ဆိုင်ရပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | များ | လွယ် |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | နည်း | ခက် |
| ပျှမ်းမျှအပူချိန် - ၄၀ 'C | ပျှမ်းမျှ မိုးရေချိန် - | ၉.၁၄ လက်မ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)**

(၁) မကြီးကုန်းကျေးရွာသည် ကျောက်တောင်၊ကျောက်ကုန်း၊မြေနီကျောက်ကုန်းမြေများရှိသဖြင့် ကျောက်စရစ်နှင့်မြေနီများကို အလွယ်တကူရရှိနိုင်ပါသည်။ကျေးရွာပတ်ဝန်းကျင်တွင်သဲဖြူ ဆန်သော ချောင်းကြီးချောင်းငယ်များရှိသောကြောင့် သဲကို အလွယ်တကူရရှိနိုင်ပါသည်။

(၂) ကျေးရွာတွင် ငှက်အမျိုးမျိုး၊ယုန်နှင့် တောကြောင်များကို ရှားပါးစွာတွေ့ရှိရပါသည်။ သစ်တောများ ပြုန်းတီးမှုကြောင့် တိရိစ္ဆာန်မျိုးစိတ်များ တဖြည်းဖြည်းပျောက်ကွယ်လုနီးပါ ဖြစ်နေပါသည်။

(၃) အပင်မျိုးစိတ်များအနေဖြင့်လည်းရှားပင်၊သားဖောက်ပင်(အပွေးဖြူ)၊မန်ကျည်းပင်၊ကုက္ကိုပင်နှင့်တမာပင်များရှိပါသည်။အဓိကစိန်ခေါ်မှုမှာ သစ်တောများရှားပါးလာခြင်းဖြစ်ပြီး ယခုကာလတွင် သစ်တောထိန်းသိမ်းရေးနှင့် အစားထိုးသစ်ပင်များ စုပေါင်းစိုက်ပျိုးလျှက် ရှိပါသည်။

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး | ၁☐ ၂☑ ၃☐ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | အဖွဲ့အစည်းမှာ ကျေးရွာဖွံ့ဖြိုးရေးကို လိုလားတောင့်တသူများ ဖြစ်ကြသောကြောင့် ကျေးရွာ၏ကဏ္ဍပေါင်းစုံကို တက်ကြွစွာ လုပ်ကိုင်ကြပါသည်။ |
| ၂ | ရပ်မိရပ်ဖ | ၁☐ ၂☐ ၃☑ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ဤအဖွဲ့အစည်း အနေဖြင့် လည်း ကျေးရွာ၏ လိုအပ်ချက် များကို ရှုထောင့်မျိုးစုံမှ ကြည့်၍ အစဉ်တစိုက် ကူညီထောက်ပြသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ |
| ၃ | ပရဟိတအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကျေးရွာအတွင်းရှိ အမျိုးသား/အမျိုးသမီးများစုပေါင်းငွေဖြင့် ဘာသာရေးလုပ်ငန်းအခြေခံပြီး ကလေးသူငယ်ကိုယ်ဝန်ဆောင်နှင့်သက်ကြီးရွယ်အိုများကို ကူညီကုသိုလ်ပြုရန်ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်ပါသည်။ |
| ၄ | မီးသတ်အဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကျေးရွာ၏ မီးဘေးအန္တရာယ်ကိုသာမက သဘာဝဘေးအန္တရာယ်တွေကိုပါ စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနိုင်သော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ |
| ၅ | လူငယ်အဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကျေးရွာ၏ သာရေး၊နာရေးလူမှုဖွံ့ဖြိုး ရေး များတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်သော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ |
| ၆ | မိခင်နှင့် ကလေး စောင့်ရှောက် | ၁☐ ၂☑ ၃☐ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐ | ကျေးရွာ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အရေးပါသော |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | ရေးအဖွဲ့ | | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐ | အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ |
| ၇ | ဂေါပကအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကျေးရွာ၏ ဘာသာရေးလုပ်ငန်းများနှင့် ဘုရားပွဲတော်များ၊သာသနိကအဆောက်အအုံများထိန်းသိမ်းစောင့်ရှောက်ရန်နှင့်ပြန်လည်ပြုပြင်ရန် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။**

(၁) မကြီးကုန်းကျေးရွာတွင် အဖွဲ့အစည်းများအားလုံးအား အများသဘောတူညီချက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကဏ္ဍပေါင်းစုံတွင် အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက် ပြီး တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါသည်။

(၂) မီးသတ်အဖွဲ့ကို မြို့နယ်မှ စံသတ်မှတ်ချက်များနှင့်အညီ တရားဝင်ဖွဲ့စည်းထားပြီး လူငယ်အစဉ်အဆက် လက်တွဲတာဝန်ယူ ထမ်းဆောင်ကြပါသည်။

(၃) ကျေးရွာတွင် ရေဂါလ်များစွာဆုံသည့် အုတ်ရေကန်မရှိသဖြင့် မီးဘေးအန္တရာယ်အား စောလျင်စွာ သိရှိမှု မရှိပါက ဆုံးရှုံးမှု မြင့်မားနိုင်ပါသည်။

**(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

**(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ**

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ ဧက နှင့်အထက် | (၉-၅) ဧကကြား | ၅ ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်ခံ၊ ပျဉ်ထောင်ပျဉ်ခင်း၊ သွပ်မိုး | ပျဉ်ထောင်ပျဉ်ခင်း ၊ သွပ်မိုး | ထရံကာ ၊ ပျဉ်ခင်း၊ သွပ်မိုး | ထရံကာ၊ ကြမ်းခင်း၊ သက်ကယ်မိုး |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက် ၊ နွားလှည်း | နွားလှည်း၊ ထွန်၊ ထယ် | နွား၊ ထွန်၊ ထယ် | တံစဉ်၊ တူးရွင်း၊ ပေါက်တူး၊ ဓါး၊ ဂေါ် |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး၊ မွေးမြူရေး | စိုက်ပျိုးရေး | စိုက်ပျိုးရေး၊ ကျပန်း | မွေးမြူရေးနှင့် အခြားလုပ်ငန်းများ |
| အိမ်ထောင်စု | ၂၆ | ၂၃ | ၅၉ | ၆၇ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။**

(၁) မကြီးကုန်းကျေးရွာသည် အဆင်ပြေသောအိမ်ထောင်စု (၂၆)စု ၊ အလယ်အလတ် ရှိသော အိမ်ထောင်စု (၂၃)စု ၊ မပြေလည်သော အိမ်ထောင်စု (၅၉)စု ၊ အလွန်မပြေလည် သော အိမ်ထောင်စု (၆၇)စု ရှိပါသည်။

(၂) မြေယာမဲ့နှင့် ကျပန်းလူဦးရေများခြင်း၊ သီးနှံအထွက်နည်းခြင်း၊မိုးအဆက်မပြတ်ရွာသွန်း ခြင်း၊ မိုးခေါင်ခြင်း၊ချောင်းကမ်းပါးပြိုကျခြင်းတို့ကြောင့် ယာမြေများဆုံးရှုံးပြီး ဆင်းရဲသော မိသားစု များရခြင်းဖြစ်ပါသည်။

**(၄.၂) သီးနှံထုတ်လုပ်ရေး**

**(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၆၇ | ၃၈.၃ % | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၅၉ | ၃၃.၇% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၅ | ၂.၈ % | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ) | ၁၈ | ၁၀.၂% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၂၆ | ၁၅% | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | ၁၇၅ | ၁၀၀ % | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)**

(၁) ၁၂ဧက အထက်ရှိသောတောင်သူ(၁၅%)သည် မြေအမျိုးအစားကောင်းမွန်ခြင်း၊ အချိန်မှီ စိုက်ပျိုးနိုင်ခြင်း၊ နိုင်းနွားများခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းတိုးပြီး အဆင်ပြေကြသည်။

(၂) ၁၀ဧကနှင့်၅ဧကကြားတောင်သူ(၁၀.၂%)သည် အချိန်မှီစိုက်ပျိုးနိုင်သော်လည်း စားဝတ် နေရေးဖူလုံရုံသာရှိပါသည်။

(၃) ၅၈ကေအောက်နှင့်၂.၅၈ကေအောက်တောင်သူငယ်များ၊ ဆင်းရဲသားတောင်သူများနှင့် မြေယာမဲ့ တောင်သူ စုစုပေါင်း(၇၄.၈%)သည် ကျပန်းအလုပ်သမားများ၊ တောင်ယာအငှားလုပ်သား များ၊ဈေးရောင်းရွှေပြောင်းလုပ်သားများ ဖြစ်ကြပြီး ပုံမှန်ဝင်ငွေမရှိပါ။ ၎င်းတို့သည် ပွင့်လင်း ရာသီတွင် အခြားသော ဒေသ မြို့နယ်များသို့ သွားရောက်ပြီး၊ လက်သမား၊ပန်းရံ စသည့် လုပ်ငန်းများ၊စက်ရုံ အလုပ်ရုံများသို့ သွားရောက် အလုပ်လုပ်ကြသည်။

## (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက် ကေ | တစ်ကေ အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| နှမ်း | ၅၅၀ | တင်း | ၈ | ၁၀ | ၉ | နည်း |
| ပဲ | ၃၀၀ | တင်း | ၄၀ | ၆၀ | ၅၀ | နည်း |
| ပဲတီစိမ်း | ၁၂၀ | တင်း | ၄ | ၆ | ၅ | နည်း |
| ပဲကြီး | ၉၀ | တင်း | ၃ | ၅ | ၄ | နည်း |
| ပဲစဉ်းငုံ | ၅၀ | တင်း | ၃ | ၅ | ၄ | နည်း |
| ဝါ | ၈၁.၄၉ | ပိဿာ | ၁၂၀ | ၁၅၀ | ၁၃၅ | နည်း |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်

(၁) ကျေးရွာတွင် အဓိက စိုက်ပျိုးသောသီးနှံမှာ နှမ်းဖြစ်သည်။ နှမ်းနှင့်တွဲဖက်၍ ပဲစဉ်းငုံ၊ ပဲကြီး စသည့်သီးနှံများကို သီးညှပ်စိုက်ပျိုးကြသည်။

(၂) စိုက်ပျိုးရန်အတွက် မျိုးကောင်းမျိုးသန့်များ မရရှိခြင်း ၊ စိုက်ပျိုးရေးနည်းပညာများ ဗဟုသုတ အားနည်းခြင်း၊ သီးနှံဈေးကွက်မကောင်းခြင်းတို့ကြောင့် မြေဆီသြဇာကိုလည်း လုံလောက်စွာ မထည့်သုံးနိုင်ခြင်း ၊ လုပ်အားခဈေးကြီးခြင်း စသော အခက်အခဲများ ကြောင့် အကျိုးအမြတ်ရရှိမှု နည်းပါးရခြင်းဖြစ်ပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| မွေးမြူရေး | | |
| နွား | ၁၁၄ | ၄၁၇ |
| နို့စားနွား | - | - |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ကျွဲ | - | - |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၁ | ၁ |
| ကြက် | ၁၆၁ | ၁၄၆၄ |
| ဘဲ | - | - |
| နွားနောက် | - | - |
| ငါးလုပ်ငန်း | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) မကြီးကုန်းကျေးရွာတွင်အကြီးစားမွေးမြူရေးလုပ်ငန်းများကိုလုပ်ကိုင်နိုင်သော အိမ်ထောင်စုများ မရှိပါ။ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းဖြင့်သာ မိသားစုအတွက် မွေးမြူထားခြင်း ဖြစ်ပါသည်။

(၂) နွားကို တောင်ယာလုပ်ငန်းများတွင် ခိုင်းစေရန်မွေးမြူကြသည်။ ကြက်ကို အိမ်ထောင်စု အားလုံးနီးပါး မွေးမြူကြပြီး ဟင်းစားအဖြစ်သာအသုံးပြုကြသည်။ ဝက်မွေးမြူသူ အိမ်ထောင်စု (၁)စုသာရှိပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်၊ |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | - | - | - | - |

| | | | | | |
|---|---|---|---|---|---|
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၂ | ၂၀ | ၂၀ | နိမ့် လက်သမား၊ပန်းရံ အလုပ်သမား များ ဖြစ်သည်) |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | - | - | - | - |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၁ | ၃ | ၂ | လတ် (စက်ချုပ်သူများဖြစ်သည်။) |
| ၇ | လက်လီ-လက်ကား ရောင်း၀ယ်ရေး | ၄ | ၄ | ၂၀ | လတ် (အိမ်ဆိုင်များနှင့်ခေါင်းရွက်ဗျက်ထိုးသည်များဖြစ်သည်) |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | - | - | - | - |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၃ | ၆ | ၆ | လတ် |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | - | - | - | - |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | ၁ | ၁ | | လတ် (ကျေးရွာတွင်ပညာရေး ဝန်ထမ်း(၁)ဦးသာရှိပါသည်) |
| ၁၃ | ကျန်းမာရေး | ၁ | ၂ | | လတ် (ကျေးရွာတွင် ကျန်းမာရေး ဆရာမ(၂)ဦး ရှိပါသည်။) |
| ၁၄ | လူမှုရေး လုပ်ငန်းများ | - | - | - | - |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ( အထက်ဖော်ပြပါလုပ်ငန်းများမှ အပ) | - | - | - | - |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ - ၈၅ဦး | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) ပန်းရံ၊လက်သမား၊ဈေးရောင်း၊စက်ချုပ် စသည့်လုပ်ငန်းရှင်များသည် ပွင့်လင်းရာသီ၌သာ တစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြပါသည်။ ပန်းရံ၊လက်သမားစသော အလုပ်သမားများသည် (၁)ရက် ပျမ်းမျှဝင်ငွေ (၅၀၀၀-၆၀၀၀)ခန့်ရှိပြီး လုပ်ရက်ပုံမှန်မရှိပေ။

(၂) ဈေးရောင်း၊အပ်ချုပ်စသော အလုပ်သမားများသည် ပုံမှန်အလုပ်မရှိသော်လည်း(၁)ရက် ပျမ်းမျှဝင်ငွေ (၂၀၀၀-၃၀၀၀)ခန့် ရရှိသည်။

(၃) ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်း(၃)ဦးရှိပြီး မိသားစုဝင်လုပ်အားမရှိပါ။

**(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

**(၅.၁) ဈေး**

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | ဆင်ပေါင်ဝဲမြို့ | မကွေးမြို့ |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင် ☑ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☑ ၅၁ မှ ၁၀၀ ☐၁၀၀ မိုင်အထက် ☐ |
| သယ်ယူပို့ဆောင်ရေးနည်းလမ်း | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

မှတ်ချက်။ ။ မြေသားလမ်း- ၁၊ ကျောက်ခင်းလမ်း- ၂ ၊ ကျောက်ချောလမ်း- ၃၊ ကွန်ကရစ်လမ်း- ၄ ၊ ကတ္တရာလမ်း- ၅

**လေ့လာတွေ့ရှိချက်**

(၁) မကြီးကုန်းကျေးရွာသည် ရွာထွက်သီးနှံများကို ရောင်းဝယ်ဖောက်ကားရာတွင် ကျေးရွာမှ အနီးဆုံးဖြစ်သော ဆင်ပေါင်ဝဲမြို့နယ်တွင် အနည်းငယ်ရောင်းဝယ်ပါသည်။ သီးနှံ အများစုကိုတော့ ကျေးရွာမှ (၄၇) မိုင် ခန့်ကွာသော မကွေးမြို့သို့ ကားနှင့်တင်ပို့ ရောင်းချပါသည်။

(၂) ကျေးရွာ၏တောင်ဘက်တွင် ချောင်းငယ်၊ချောင်းကြီးများရှိသဖြင့် မိုးရွာသွန်းမှုများပြားပါက ချောင်းရေကြီးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ ☑ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ | ကောင်း☐ သင့်☐ ညံ့☑ | မိုးလင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑ | ၀-၁ မိုင်☑ ၁-၅ မိုင်☐ ၅-၁၀ မိုင်☐ ၁၀မိုင်အထက်☐ |
| ချိုင်းကပ်လမ်း | ၁ ☑ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ | ကောင်း☐ သင့်☐ ညံ့☑ | မိုးလင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑ | ၀-၁ မိုင်☑ ၁-၅ မိုင်☐ ၅-၁၀ မိုင်☐ ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁ ☑ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ | ကောင်း☐ သင့်☑ ညံ့☐ | မိုးလင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑ | ၀-၁ မိုင်☐ ၁-၅ မိုင်☑ ၅-၁၀ မိုင်☐ ၁၀မိုင်အထက်☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

**လေ့လာတွေ့ရှိချက်**

(၁) ကျေးရွာအတွင်းရှိလမ်းများသည် မြေသားလမ်းများဖြစ်သည်။နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ရွာတွင်းလမ်းများသည် ရေတိုက်စားခံရသဖြင့် ပျက်စီးနေပါသည်။

(၂) ရွာချင်းဆက်လမ်းများအနေနှင့်လည်း မြေသားလမ်းများဖြစ်ခြင်းနှင့် ချောင်းများရှိသောကြောင့် မိုးရာသီတွင် သွားလာရန် ခက်ခဲပါသည်။

(၅.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ အသုံးမပြုပါအကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑ | မိုးလင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑ | မိုးလင်းရာသီ ☐ တစ်နှစ်ပတ်လုံး☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်

(၁) မကြီးကုန်းကျေးရွာသည် မြစ်ကမ်းနံဘေးတွင် တည်ရှိသော ကျေးရွာမဟုတ်သည့်အတွက် ရေကြောင်းလမ်းအသုံးပြုမှုမရှိပါ။

### (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | - | - | ၆ | ၅၁ | ၁ | - | - | - | ၁၅၁ |

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်

(၁) ကျေးရွာတွင် သယ်ယူပို့ဆောင်ရေး အတွက် မော်တော်ဆိုင်ကယ်နှင့်သုံးဘီးဆိုင်ကယ် ကိုသာ အသုံးပြု ကြပြီး ရွာပိုင် လိုက်ထရပ်နှင့် ကုန်တင်ကားမရှိသဖြင့် အခြားရွာမှ ကားများဖြင့် မကွေး၊အောင်လံစသော မြို့များသို့ သီးနှံများလိုက်လံရောင်းချပါသည်။

### (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | - |
| ဆိုလာစနစ် | ၁၂၂ |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | ၄ |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | ၁ |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | ၄၈ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။

(၁) ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးသဖြင့် ဆိုလာစနစ်၊ဒီဇယ်သုံးအင်ဂျင်နှင့် ဖယောင်းတိုင်မီး အသုံးပြုကြသည်။

### (၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၁၃၂ | ၆၁ | ၅၃ |

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။

(၁) ကျေးရွာ၏အိမ်ထောင်စု၏၇၅%ခန့်သော လူကြီး၊လူငယ်၊လူလတ်၊ လူတန်းစားအမျိုးမျိုးသည် ဖုန်းများကိုင်ဆောင်ကြပါသည်။

(၂) PSI ၊SKY ၊ NET လိုင်းများ ကျေးရွာတွင် ရရှိနိုင်ပြီး သတင်းအချက်အလက်များ မြန်ဆန်စွာ ရရှိနိုင်ပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၂၄ | ၂၆ | ၅၀ |
| အလယ်တန်း | ၅ | ၁၅ | ၂၀ |
| အထက်တန်း | ၂ | ၃ | ၅ |
| တက္ကသိုလ်/ကောလိပ် | ၃ | ၄ | ၇ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ** သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်

(၁) မကြီးကုန်း ကျေးရွာတွင် မူလတန်း ကျောင်းတက် ဦးရေ(၅၀)ဦး၊ အလယ်တန်းကျောင်းတက် ဦးရေ(၂၀)ဦး၊ အထက်တန်း ကျောင်းတက် ဦးရေ (၅)ဦး နှင့် တက္ကသိုလ်/ ကောလိပ် ကျောင်းတက်ဦးရေ (၇)ဦး ရှိပါသည်။

(၂) စီးပွားရေးအခြေအနေအဆင်မပြေသောကြောင့်အထက်တန်းနှင့်တက္ကသိုလ်/ကောလိပ် ကျောင်းတက် ဦးရေ နည်းပါးရခြင်းဖြစ်ပါသည်။

## (၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| က။ ကျောင်းအဆင့် | မူလတန်း:☑<br>မူလွန်☐<br>အလယ်တန်း:(ခွဲ) ☐<br>အလယ်တန်း:☐<br>အထက်တန်း:(ခွဲ)☐<br>အထက်တန်း:☐ | | | မူလတန်း:☐<br>မူလွန်☐<br>အလယ်တန်း:(ခွဲ) ☐<br>အလယ်တန်း:☐<br>အထက်တန်း:(ခွဲ)☐<br>အထက်တန်း:☑ | | | မူလတန်း:☐<br>မူလွန်☐<br>အလယ်တန်း:(ခွဲ) ☐<br>အလယ်တန်း:☐<br>အထက်တန်း:(ခွဲ)☐<br>အထက်တန်း:☐ | | |
| ခ။ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☑ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | |
| ဂ။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☑<br>ကား ☑ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၅၄၀၀' | | | | | | | | |
| င။အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း☑သင့်☐ညံ့☐ | | | ကောင်း☑သင့်☐ညံ့☐ | | | ကောင်း☐သင့်☐ညံ့☐ | | |
| စ။ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☑ | | | လုံလောက်မှုရှိသည်☑<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| ဆ။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☑<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☑ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| ဇ။ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☑<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☑<br>တိုက်ကျွေးမှု မရှိပါ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| ဈ။ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၂ | ၂ | ၄ | | | | | | |
| ကျေးရွာခန့် | | ၁ | ၁ | | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်**

(၁) မကြီးကုန်းကျေးရွာတွင် မူလတန်းကျောင်းရှိပြီး (၉၀'×၆၀') ကျောင်းဆောင် (၁)ခု ရှိပါသည်။

(၂) ကျောင်းသုံးပရိဘောဂများလုံလောက်မှုမရှိပါ။အာဟာရတိုက်ကျွေးမှုမှာလည်းမရှိ သလောက်ရှားပါးပါသည်။

(၃) ရွာကျောင်းတွင် အစိုးရခန့် ဆရာ (၂)ဦး ၊ ဆရာမ (၂)ဦး နှင့် ကျေးရွာခန့်ဆရာမ(၁)ဦး ရှိပါသည်။

(၄) အလယ်တန်း နှင့် အထက်တန်းအား ဆင်ပေါင်ဝဲ (အ.ထ.က) ကျောင်းသို့ သွားရောက်သင်ကြား ရပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၆ | တီဘီ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☑ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

(၁) ကျေးရွာအတွင်းရှိ ကလေးငယ်များတွင် ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေး ရောဂါများ မိုးရာသီတွင်အဖြစ်များသည်။

(၂) ၅နှစ်အောက်ကလေးနှင့်ပတ်သက်၍ ကျေးရွာဆေးပေးခန်းမှ လစဉ်ကာကွယ်ဆေးထိုးနှံခြင်း၊ စာသင်ကျောင်းတွင် အာဟာရကျွေးခြင်းများ ပြုလုပ်လျှက်ရှိသည်။

### (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✓ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု | ✓ | |

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | ✓ | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

(၁) ရောဂါအလိုက်ကာကွယ်ဆေးထိုးနှံမှုအား ကျေးရွာရှိ ကျေးလက်ဆေးပေးခန်း တာဝန်ကျဆရာမများမှ မြို့နယ်ကျန်းမာရေးဌာနစီမံချက်အတိုင်း အချိန်မှန် ကာကွယ်ဆေးများ ထိုးပေး သည်။

(၂) ယခုနှစ်တွင် အခြားကူးစက်ရောဂါတစ်မျိုးဖြစ်သည့်ဂျပန်ဦးနှောက်ယောင် ကာကွယ်ဆေးကိုလည်း ထိုးနှံပေးလျှက်ရှိသည်။

**(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခွန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ☑<br>မရှိ ☐ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ☐<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☑<br>၁၀ မိုင်အထက်☑ | ရှိ ☑<br>မရှိ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

(၁) ကျေးရွာတွင်ကျေးလက်ဆေးပေးခန်းရှိပြီး ရောဂါအပြင်းအထန်ဖြစ်ပွားပါက ကျေးရွာမှ (၆)မိုင်ခန့် ဝေးသော ဆင်ပေါင်ဝဲမြို့နယ်ဆေးရုံနှင့်(၄၇)မိုင်ခန့်ဝေးသော မကွေးမြို့ ပြည်သူ့ဆေးရုံ သို့ သွားရောက်ကုသ ကြပါသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၁၇၅ | ကောင်း☑ သင့်☐ ညံ့☐ | မိုး၊ ဆောင်း ၊ နွေ |
| အဝီစိတွင်း/ စက်တပ် | ၁၇၅ | ကောင်း☑ သင့်☐ ညံ့☐ | မိုး၊ ဆောင်း ၊ နွေ |
| အဝီစိတွင်း/ တုံကင် | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| မိုးရေ သိုလှောင်ကန် | ၁၀ | ကောင်း☐ သင့်☑ ညံ့☐ | မိုး |
| မြစ်/ချောင်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| ရေကန် | ၄၀ | ကောင်း☑ သင့်☐ ညံ့☐ | မိုး |
| စိမ့်စမ်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်**

(၁) ကျေးရွာ၏သောက်သုံးရေအား ရွာ၏အရှေ့ဘက်ရှိ အုတ်စီရေတွင်းကြီးမှ မိုး၊ဆောင်းကာလများတွင် အသုံးပြုပြီး နွေရာသီတွင် ရေရှားပါးမှုနှင့် ကြုံတွေ့ရပါသည်။

(၂) ကျေးရွာပတ်ဝန်းကျင်တွင် ချောင်းများရှိသော်လည်း သန့်ရှင်းသောသောက်သုံးရေမရရှိပါ။

(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | - |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၇၄ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | - |
| တွင်းမရှိ အိမ်သာ | - |
| အိမ်သာမရှိ | ၁ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်

(၁) ကျေးရွာ၏အိမ်ထောင်စု(၁၇၄)စုသည် သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲနိုင်ကြသည်။ အိမ်ထောင်စု(၁)စုသာလျှင် အိမ်သာမရှိသဖြင့် အခြားကွင်းပြင်နေရာများသို့ သွားရောက်ကြသည်။

**(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ**

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိပါ။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | စိုက်ပျိုးရေရှားပါးပါသည်။မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြခြင်းဖြစ်ပါသည်။ |
| ၃ | ရေကြီးခြင်း | မိုးရာသီတွင်ချောင်းရေကြီးခြင်းနှင့်ကြုံတွေ့ရပါသည်။ |
| ၄ | မိုးခေါင်ခြင်း | မိုးခေါင်ခြင်းကြောင့် စိုက်ပျိုး သီးနှံ ပျက်စီးမှုများအား ကြုံတွေ့ရပါသည်။ |
| ၅ | အအေးလွန်ကဲခြင်း | မရှိပါ။ |
| ၆ | မုန်တိုင်း | မရှိပါ။ |
| ၇ | ငလျင် | မရှိပါ။ |
| ၈ | မီးဘေး | နွေရာသီတွင် သတိပြုသုံးစွဲရပါသည်။ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိပါ ။ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိပါ။ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိပါ။ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိပါ။ |
| ၁၃ | တီဘီရောဂါ | မရှိပါ။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိပါ။ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိပါ။ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | အနည်းငယ်သာရှိပါသည်။မိုးဦးကျ တွင် အဖြစ်များပါသည်။ |
| ၁၇ | လူကုန်ကူးခြင်း | မရှိပါ။ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မရှိပါ။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်

(၁) မကြီးကုန်းကျေးရွာ သည် စားနပ်ရိက္ခာဖူလုံမှု ရှိပါသည်။ စိုက်ပျိုးရေးအတွက် ရေရှားပါးကာ မိုးရေကိုသာအားထား၍စိုက်ပျိုးရပါသည်။မိုးလွန်စွာ ရွာသွန်းမှုသာ ချောင်းရေတက်ခြင်း ကြုံတွေ့ရပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | နိမ့် | မြေဆီသြဇာ ကောင်းမွန်မှုမရှိပါ။ |
| အပင်မျိုးစိတ်များ | လတ် | အပူပိုင်းတွင်ပေါက်ရောက်တတ်သော အပင်မျိုးစိတ် အချို့ရှိပါသည်။ |
| ရေအရင်းအမြစ် | နိမ့် | စိုက်ပျိုးရေအဖြစ်မိုးရေကိုသာ အဓိကထား စိုက်ပျိုး ရပါသည်။ |
| ငါးမျိုးကွဲများ | - | - |
| အခြားတိရစ္ဆာန်မျိုးကွဲများ | လတ် | အနည်းငယ်ရှိပါသည်။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) မြေဆီလွှာထိန်းသိမ်းမှုအားနည်းပြီး မြေသြဇာနှင့် ပိုးသတ်ဆေးများအလွန်အကျွံသုံးစွဲခြင်းကြောင့် မြေဆီလွှာကောင်းမွန်မှုမရှိပါ။

(၂) အပင်မျိုးစိတ်များအနေဖြင့် အပူပိုင်းဒေသတွင် ပေါက်တတ်သော ရှား ၊ ဒဟတ် ၊ သန်း ၊ ထနောင်း ၊ အစရှိသော အပင်များပေါက်ရောက်ပါသည်။

(၃) ရေအရင်းမြစ်အနေဖြင့် ကျေးရွာအားတွင် ချောင်းရှိသော်လည်း စိုက်ပျိုးရေအတွက် မိုးရေကိုသာ အဓိကထားစိုက်ပျိုးရသည်။

(၄) တိရိစ္ဆာန်မျိုးစိတ်များအနေဖြင့် တောကြောင်၊ ယုန် ၊ ဖွတ် ၊ ပုတက် ၊ လင်းမြွေ ၊ မြွေပွေး အစရှိသော တိရိစ္ဆာန် မျိုးစိတ်များကို တွေ့ရပါသည်။

(၁၀ ) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ☑ | မရှိ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ☑ | မရှိ☐ |

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်

(၁) ကျေးရွာ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်အမျိုးသမီးများသည် အမျိုးသားများနှင့်အတူ အုပ်ချုပ်ရေးအဖွဲ့များတွင် ဝင်ရောက်ကူညီဆောင်ရွက်ပေးခြင်း၊ ဘာသာရေးကိစ္စများနှင့်ပရဟိတလုပ်ငန်းများတွင်လူငယ်ခေါင်းဆောင်များနှင့်ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် လမ်းများပျက်စီးလျှင် လည်း ကျား၊မ ခွဲခြားမှုမရှိဘဲ ပူးပေါင်းပါဝင်လုပ်ဆောင်ကြပါသည်။